mgyoe.com

မင်းခိုက်စိုးစန်

# ပို့စ်မော်ဒန်လူငယ်



mgyoe.com

ဒုတိယအကြိမ်



ယဉ်ကျေးမှုသဘောသည် အစဉ်ထာဝရ လွင်ပြင်တစ်ခုသို့ ဖြန့်ဖြူးညီညာစွာ တစ်သမတ်တည်း ရှိတတ်ပါသလား။

ကျွန်တော်တော့ ထိုသို့မယုံကြည်ပါ။ လက်မခံပါ။ ယဉ်ကျေးမှု ကုန်းမြေပေါ်တွင် နိမ့်နေသောချိုင့်ခွက်များ ရှိမည်။ မြင့်တက် သွားသော ကမူများ၊ တောင်ကုန်းတောင်တန်းများ ရှိမည်၊ (သည့်နေရာတွင် မြင့်ခြင်းသည် ကောင်းခြင်း၊ နိမ့်ခြင်းသည် ဆိုးခြင်းညံ့ခြင်းဟု အဓိပ္ပာယ် မသက်ရောက်ပါ။

ကျွန်တော်ဆိုလိုသည်က ယဉ်ကျေးမှုတစ်ခုလုံးသည် အစဉ် ထာဝရ တစ်သမတ်တည်းဖြစ်သောသဘော၊ ညီညာသောသဘောကို မဆောင်။ ပြောင်းလဲမှုများ၊ ရောပြွမ်းမှုများဖြင့် ဖွဲ့စည်းထားကြောင်းပင်။

တောင်ကုန်း ... တောင်တန်းများနှင့် ... လွင်ပြင်။

## မင်းခိုက်စိုးစန်

# ပို့စ်မော်ဒန်လူငယ်

ISBN9789997113917

MKS19

9 789997 113917

1,500.00KS

e.com

ပို့စ်မော်ဒန်လှူငယ်၊ မင်းခိုက်စိုးစန်
မျက်နှာဖုံးပန်းချီ - လင်းဝဏ္ဏ
စာမျက်နှာ ၇၉ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းညို၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းဟာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ နိုဝင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၃ နတ်သမီးစာအုပ်တိုက်၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com : P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ပို့စ်မော်ဒန်လူငယ်

လွှင်ပြင်၊ ယဉ်ကျေးမှု၊ တောင်တန်းများနှင့် ပို့စ်မော်ဒန်
ယနေ့မြန်မာစာပေ အထွေထွေပြဿနာများနှင့်
လူငယ်တို့၏ တာဝန်

## မင်းခိုက်စိုးစန်

ဒုတိယအကြိမ် ၂၀၁၁

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

ပို့စ်မော်ဒန်လူငယ်

မင်းခိုက်စိုးစန်

လွင်ပြင်၊ ယဉ်ကျေးမှု
တောင်တန်းများနှင့် ပို့စ်မော်ဒန်



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

(၁)

ယဉ်ကျေးမှုသဘောသည် အစဉ်ထာဝရ လွင်ပြင်တစ်ခုလို ပြန့်ပြူး ညီညာစွာ တစ်သမတ်တည်း ရှိတတ်ပါသလား။

ကျွန်တောတော့ ထိုသို့ မယုံကြည်ပါ။ လက်မခံပါ။ ယဉ်ကျေးမှု ကုန်းမြေပေါ်တွင် နိမ့်နေသော ချိုင့်ဝှမ်းများရှိမည်။ မြင့်တက်သွားသော ကမူများ၊ တောင်ကုန်းတောင်တန်းများ ရှိမည်။ (သည်နေရာတွင် မြင့်ခြင်းသည် ကောင်းခြင်း၊ နိမ့်ခြင်းသည် ဆိုးခြင်း၊ ညံ့ခြင်းဟု အဓိပ္ပာယ် မသက်ရောက်ပါ)

ကျွန်တော်ဆိုလိုသည်က ယဉ်ကျေးမှုတစ်ခုလုံးသည် အစဉ်ထာဝရ တစ်သမတ်တည်းဖြစ်သော သဘော၊ ညီညာသော သဘောကို မဆောင်။ ပြောင်းလဲမှုများ ရောပြွမ်းမှုများဖြင့် ဖွဲ့စည်းထားကြောင်းပင်။

တောင်ကုန်း... တောင်တန်းများနှင့်... လွင်ပြင်။

(၂)

## ၂း၁။ တောင်တက်ခြင်း

မြေပြင်တွင် သူလိုငါလို နေရိုးနေစဉ် နေ၍ရနိုင်ပါလျက် မြင့်မားလှပါသည်၊ အန္တရာယ်ကြီးလှပါသည်ဆိုသော တောင်များပေါ်သို့ လူတို့သည် အဘယ်ကြောင့် တက်ကြည့်ချင်ကြသနည်း။ "တောင်တက်ခြင်း" ဆိုသည့် အပြုအမူ၊ လှုပ်ရှားမှု၊ လုပ်ဆောင်ချက်၏သဘောကို ကျွန်တော်

mgyoe.com

mgyoe.com

ငယ်စဉ်တုန်းက သဘောမပေါက်ခဲ့၊ နားလည်ကြည့်၍ မရခဲ့။

ဘာကြောင့် တောင်တက်တာလဲ၊ ဘာလုပ်ဖို့လဲ၊ ဘာအကျိုးရှိသလဲ၊ ကျွန်တော့်ဖခင်ကို မေးကြည့်ခဲ့ဖူးသည်။ ထိုစဉ်က ဖခင်၏ အဖြေစကား လုံးများက ကျွန်တော့်အတွက် ကြီးမားလေးလံ ရှုပ်ထွေးလွန်းလှသည်။

- လူ၏ ပုဂ္ဂလိက အခန်းကဏ္ဍကို မှတ်တိုင်ထူရန်၊
- လူအဖြစ်၏ မြင့်မားသော စွမ်းရည်ကို ပြသရန်၊
- စိတ်နှင့် စိတ်ဓာတ်၏ ထိုးထွက်တိုးတက်မှုကို ခွင့်ပြုရန်၊
- အတွေ့အကြုံသစ်များကို ရှာဖွေရန်၊
- ... ... ... ... ထိုသဘောများကို ကျွန်တော် နားမလည်ခဲ့ပါ။

## ၂း၂။ အနုပညာနှင့် အသစ်ဖန်တီးမှု

အသက်အရွယ် အနည်းငယ်ရလာ၍ အနုပညာနှင့်လည်း ထိတွေ့လာရပြီးသည့်နောက် အာရုံခံစားမှုတို့ ဖြန့်ကြက်များပြားလာခြင်း၊ အသစ်ဖန်တီးမှုတို့ကို တွေ့မြင်လာရခြင်း၊ ကိုယ်တိုင်ဖန်တီးလိုစိတ် ဖြစ်လာခြင်းတို့ကို ကြုံတွေ့လာရသောအခါ မိမိကိုယ်ကိုယ် ပြန်မေးကြည့်ဖြစ်သည်။

**ဘာကြောင့်များ သမားရိုးကျ အနုပညာပုံစံ၊ သမားရိုးကျ အနုပညာ ခံစားမှုတို့ဖြင့် မကျေနပ် မတင်းတိမ်နိုင်ရသနည်း။**

သည်အခိုက်အတန့်တွင်ပင် ကျွန်တော်သည် ငယ်စဉ်က သိချင်ခဲ့သော တောင်တက်ခြင်းသဘောကို နှလုံးသားထက် ပို၍နက်ရှိုင်းသော တစ်နေရာမှနေ၍ နားလည်လိုက်ရသည်။

**မော်ဒန်၊ ပို့စ်မော်ဒန် အနုပညာသစ်တို့သည် ယဉ်ကျေးမှု လွင်ပြင်ထဲမှ အားကောင်းစွာ ထိုးထွက်ဖြစ်ပေါ်နေသော တောင်ကုန်း၊ တောင်တန်းများ ဖြစ်ကြသည်။**

**ကျွန်တော်တို့ ထိုတောင်တန်းများပေါ်သို့ တက်ကြည့်ချင်ကြပါသည်။**

## ၂း၃။ မေးခွန်းများ

မြေပြန့်တွင်သာ တစ်သမတ်တည်း ရှိနေခဲ့သူ လူတစ်ယောက်က

mgyoe.com

mgyoe.com


တောင်တက်နေသူ တစ်ယောက်၏အဖြစ်ကို ဘယ်လိုလဲ၊ ဘာကြောင့်လဲ၊ ဘာတွေရသလဲ၊ လာမေးလျှင် တစ်ဆင့်ခံ စကားများသာ ရပေလိမ့်မည်။ ဆိုလိုသည်က တောင်တက်နေသူကိုယ်တိုင်သာ တိုက်ရိုက်ရနိုင်သည့် အတွေ့အကြုံ၊ အာရုံခံစားမှုတို့ကို တစ်ခါမျှတောင် မတက်ဖူး သူတစ်ယောက်အား မည်သို့ပြန်ပြောမည်နည်း။

တောင်တက်နေသူက တောင်တက်ရာလမ်းတစ်လျှောက် သူရသမျှ အတွေ့အကြုံ၊ အသိ၊ ခံစားမှု၊ အစွမ်းသတ္တိ၊ ခွန်အားတို့ကို အိတ်ထဲထည့်ပိတ်ကာ သယ်လာပြီး ရော့... အင့်ဟု ပေး၍မရ။ အတတ်နိုင်ဆုံး ဘာသာပြန်ဆိုထားသည့် အက္ခရာစကားလုံးများကိုသာ ပေးနိုင်သည်။ ဤသည်ကို မရေရာဟုထင်လျှင် ကိုယ်တိုင် တက်ကြည့်ရုံသာ ရှိသည်။

## ၂း၄။ အကျိုးပြု၊ မပြု

တချို့က ပြောကြသည်။ မော်ဒန်၊ ပို့စ်မော်ဒန်တို့သည် အတတ်ဆန်းရုံ သက်သက်သာ ဖြစ်သည်။ စာပေစတန့်များ ဖြစ်သည်။ လောကအတွက် မည်သို့မျှ ကောင်းကျိုးပြုမည်မဟုတ်၊ စသည်ဖြင့်... စသည်ဖြင့်။

ထိုမော်ဒန်၊ ပို့စ်မော်ဒန် အနုပညာသစ် ဖန်တီးမှုတို့သည် အမှန်တကယ်ပင် မည်သို့မျှ အကျိုးပြုမှု တစ်စုံတစ်ရာ မရှိဘူးလား။

ကျွန်တော့် အယူအဆအရ ပြောရလျှင် အနုပညာသည် အသုံးချခံ ပစ္စည်းမဟုတ်၊ ထို့ကြောင့် အသုံးချတန်ဖိုးမရှိ။ တမင်တကာ ရှိပြနေရန်လည်း မလို။

အနုပညာသစ် ဖန်တီးသူတို့သည် (အနုပညာတစ်ရပ်ကို မဖန်တီးခင်ကတည်းက) ငါတော့ ဘယ်လိုဘယ်ပုံ အကျိုးပြုဖို့ စာတစ်ပုဒ်လောက် ရေးလိုက်ဦးမှပဲဟု တင်ကြို နေရာသတ်မှတ်ထားခြင်းမရှိ။ ခံစားမှုကို အသိဖြင့် ပြဋ္ဌာန်းကန့်သတ်ခြင်း မရှိ။ အနုပညာဖြစ်ပေါ်စဉ် ခဏမှာရှိသည့်အတိုင်း ရိုးသားစွာ ဖန်တီးကြသည်။ ထို့ကြောင့် တိုက်ရိုက်အကျိုးပြုမှု မရှိ။

## ၂း၅။ စွန့်ပစ်ခြင်း

ထိုသို့ တိုက်ရိုက် အကျိုးပြုမှုမရှိသည့် အတွက်လည်း ဝမ်းနည်း

mgyoe.com

mgyoe.com

စရာ မလို။ အများကဲ့ရဲ့ ခံရတော့မှာပဲဟု စိုးရိမ်ပြီး (သို့တည်းမဟုတ်) ငါ့ကို လူသားအကျိုးပြု ပုဂ္ဂိုလ်ကြီးအဖြစ် အထင်ခံရ၊ အသိအမှတ်ပြုခံရစေတော့ဟု နှလုံးသွင်းပြီး အကျိုးမပြုပြုအောင် အတင်းကြီး လုပ်ယူစရာ မရှိ။ လုပ်လည်း မလုပ်ကြ။ အနုပညာသစ်သမားများသည် ရိုးသားကြသည်။ အရှိကို အရှိအတိုင်း မြင်ကြ၊ ခံစားကြသည်။

အနုပညာသည် တစ်စုံတစ်ခုအဖြစ်သို့ မရောက်ရောက်အောင် လုပ်ယူရသည့်ကိစ္စလည်းမဟုတ်။ တင်ကြိုသတ်မှတ်ချက်ထားပြီး ပုံစံလောင်း၍ရသည့် ပစ္စည်းလည်းမဟုတ်။ ထို့ကြောင့် "အနုပညာသည် ဘာအတွက် ညာအတွက်" ဟူသော ပညတ်ဘောင်၊ ပုံစံခွက်များကို စွန့်ပယ်လိုက်ကြသည်။ သူတို့ကို (အနုပညာရှင်တို့ကို) တစ်စုံတစ်ရာက လာရောက်ကန့်သတ်ထားမည်ကို လက်မခံကြတော့ပေ။

## ၂း၆။ အကျိုးပြုစေချင်လှသည်ဆိုလျှင်

(အသုံးချပစ္စည်း မဟုတ်သည့်) အနုပညာကို အကျိုးပြုအတွက် အသုံးချချင်လှသည် ဆိုပါစို့။ အရင်ဦးဆုံး အနုပညာပစ္စည်းကို အသုံးချပစ္စည်းဖြစ်အောင် အသွင်ပြောင်းရပေဦးမည်။

ထိုသို့ ပြောင်းလဲပစ်ရန် အဓိကအကျဆုံး လိုအပ်သူမှာ အနုပညာခံစားသူကိုယ်တိုင်ပင် ဖြစ်သည်။ မည်သည့်အရာများကို အသုံးပြု၍ ပြောင်းလဲပစ်ရမည်နည်း။ အနုပညာခံစားသူ တစ်ဦးချင်းစီတွင်သာရှိသော အတွေ့အကြုံက သင်ကြားထားသည့် ဦးနှောက်၊ ဆင်ခြင်မှု၊ စိတ်၏ သတ္တိတို့ကို အရင်းခံခြင်းဖြင့်သာလျှင် အနုပညာကို အသုံးချပစ္စည်းအဖြစ် ပြောင်းလဲလက်ခံယူကြ၏။ (ခံစားမှုက တခြား၊ လက်ခံမှုက တခြား ဖြစ်သည်ကို သတိပြုပါ။)

## ၂း၇။ ခံစားသူ အဝိက

ထိုသို့ ပြောင်းလဲရာတွင် လိုအပ်သော အခံပစ္စည်းများ (အတွေ့အကြုံ၊ ဆင်ခြင်မှု၊ ရင့်ကျက်မှု၊ ဘဝ၏သြဇာ စသည်တို့)တို့သည် ခံစားသူ၊ စာဖတ်သူ တစ်ဦးနှင့်တစ်ဦး မတူညီကြ။ ထို့ကြောင့် သူတို့ တစ်ဦးချင်းစီကို

mgyoe.com

mgyoe.com


မှီ၍ဖြစ်သော အသုံးချပစ္စည်း ပုံစံချင်းလည်း မတူညီနိုင်ကြပေ။

ယင်းကို ခံစားသူ အဓိကသဘောဟု ခေါ်၏။

သံထည်တစ်ခုကို အနုပညာရှင်က ထုတ်ပေးလိုက်သည် ဆိုပါစို့။ ခံစားချင်သူက ခံစားမည်။ ခံယူချင်သူတစ်ဦးက ယင်းကို ဓားလုံ့ စသဖြင့် လက်နက်ကိရိယာတစ်ခုအဖြစ် ပုံစံပြောင်းချင်ပြောင်းမည်။ တခြားတစ်ယောက်က စက်မှုအစိတ်အပိုင်း တစ်ခုအဖြစ် ပုံစံပြောင်းချင်ပြောင်းမည်။ နောက်တစ်ယောက်က ယင်းသံထည်ကြီးကို လွှင့်ပစ်ချင်ပစ်မည်။

အားလုံးသည် ခံစားသူပိုင် ပစ္စည်းများသာ ဖြစ်သည်။

ပို့စ်မော်ဒန် အနုပညာပစ္စည်း တစ်ရပ်ကို အသုံးမဝင်ဟု ထင်သူက လွှင့်ပစ်ချင်လွှင့်ပစ်နိုင်သည်။ (သူ့ပိုင်ပစ္စည်း ဖြစ်နေပြီးလေပြီ။ အကျိုးပြုစေချင်လွန်းသောကြောင့် အသုံးချပစ္စည်းတစ်ခုအဖြစ် အသွင်ပြောင်းချင်သပဆိုလျှင်လည်း ဖန်တီးသူ၊ စာရေးဆရာဆီက ခွင့်တောင်းနေစရာမလို၊ လှည့်ပြီး တိုင်ပင်နေစရာမလို။ (ကိုယ်ပိုင်ပစ္စည်း ကိုယ်ပြောင်းချင်သည့်ပုံစံပြောင်းခွင့်ရှိ၏)။




mgyoe.com

mgyoe.com

## ၂း၈။ စိတ်ကြွမ်းဝေဖန်ရေး

အနုပညာသစ်ပစ္စည်းတစ်ခု (မော်ဒန်၊ ပို့စ်မော်ဒန်)ကို မကြိုက်၊ ခံစား၍မရဟုဆိုကာ စွန့်ပစ်၊ လွှင့်ပစ်လိုက်ပြီးခါမှ ထပ်ဆင့်၍ မကျေ မနပ် ပြောချင်ဆိုချင် ဖြစ်ရသူများ၊ အလကား အဓိပ္ပာယ်မဲ့ အလုပ်တွေ ပါဟု စွပ်စွဲလိုသူများ၊ မော်ဒန် အလိုမရှိဟု ကြွေးကြော် မောင်းမဲလိုသူများ၏ သဘောကို ကျွန်တော် အထွေအထူး မဝေခွဲတတ်ပါ။

"လူသတ္တဝါ"၏ အကြမ်းစားသဘောပင်ဖြစ်လိမ့်မည် ထင်သည်။

ဘာကြောင့်လဲဟု တစ်ဖက်က ပြန်၍ ဆန်းစစ်ကြည့်ချင်ပါသေးသည်။ မော်ဒန်၊ ပို့စ်မော်ဒန် အနုပညာပစ္စည်းများသည် လူသတ်ရန် လှုံ့ဆော်နေပါသလား။ လိမ်ရန်၊ ခိုးရန်၊ သူများသားမယား ပြစ်မှားရန်၊ မူးယစ်ရမ်းကားရန် သွေးထိုးပေးနေပါသလား။ တိုင်းပြည်နှင့် လူမျိုးကို ချောက်ထဲ တွန်းချနေပါသလား။

တိတိကျကျ ထောက်ပြစေချင်သည်။

တစ်ချိန်တည်းတွင် တစ်ဖက်မှ အပေါစား၊ အညှီအဟောက် လုံးချင်းစာရေးဆရာမ (တချို့)၏ ကာမေသုမိစ္ဆာစာရမကင်းသော စာပေများ၊ ရူးသွပ်သွပ် ဘဝင်ကိုင်နေသော ဇာတ်ကောင်စရိုက်ဆန်းများ၊ အဓိပ္ပာယ်မဲ့ ကလဲ့စားချေ ဇာတ်လမ်းများကို မတွေ့ချင် မြင်ရက်သား ဖြစ်နေရသည့်ကိစ္စ (မတန်မစပ် မအပ်မရာသော်လည်း တစ်ဆိတ် နှိုင်းယှဉ်ချင်သည်)

မော်ဒန်ပပျောက်ရေးနှင့် ထိုအညှီအဟောက်စာပေ ပပျောက် ရေး!!!

မည်သည့်ကိစ္စက လိုအပ်ချက် အစစ်အမှန် ဖြစ်ပါသလဲ။

## ၂း၉။ စာပေ လူကြီးလူကောင်းဆန်မှု

တချို့ကတော့ ဖြေကြမည်။ "ခေတ်အဆက်ဆက်က အပျော်ဖတ် စာပေဆိုတာ ရှိနေတာပဲ။ ပပျောက်မှာမှ မဟုတ်တာ" ဟု။ မှန်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ထိုစာရေးဆရာများတွင် "အသုံးမကျခွင့်လိုင်စင်" ရှိနေသည်ပဲ ထားဦးတော့။ ထိုသို့ဆိုလျှင် တစ်ဖက်က သိက္ခာ အဆင့်အတန်း မြင့်မြင့်မားမားဖြင့် ကိုယ့်လမ်းကိုယ်လျှောက်နေသည့် အနုပညာသစ် မော်ဒန်၊

mgyoe.com

mgyoe.com


ပို့စ်မော်ဒန်တို့ကို ဘာကြောင့် သဲကြီးမဲကြီး ဖြစ်နေရသနည်း။

စောစောက ပြောခဲ့သည့် အပြစ်များထဲမှ တစ်စုံတစ်ရာ ရှိပါသလား။ မရှိပါ။ ပြောရမည်ဆိုလျှင် တစ်ခုတော့ ရှိသည်။

ယင်းအပြစ်မှာ...

စာပေလူတွင်ကျယ် တချို့က နားမလည်ကြခြင်းပင် ဖြစ်သည်။

စာပေသမားများထဲမှ အားလုံး နားလည်ကြသည်ဟု ကျွန်တော် မဆိုလိုပါ။ တခြားသော မော်ဒန်ကို နားမလည်ကြသူတွေလည်း ရှိသည်။ သို့တိုင် (ကျွန်တော်သိရသလောက်) ထိုစာပေသမားများက လူကြီးလူကောင်းဆန်ကြသည်။ ကိုယ်မကြိုက်ရုံနှင့် "ဟာ... ဒါ အလကားပါကွာ" ဟု လက်လွတ်စပယ် မဆိုကြ။

ခေတ်၏သဘောကို မျက်ခြည်မပြတ် ဆင်ခြင်သည်။ ခံစား၍ရခြင်း၊ မရခြင်းသည် မိမိ၏ Aesthetic Contemplation အာရုံ သဘောနှင့်သာဆိုင်ကြောင်း ဓမ္မဓိဋ္ဌာန်ကျကျ နားလည်ကြသည်။ ဘာမျှမပြော။ နှစ်သက်ကြည်ဖြူသည်။

ထိုနည်းတူပင် တစ်ဖက်မှ မော်ဒန်၊ ပို့စ်မော်ဒန်သမားများက လည်း "ဂန္ထဝင် ကျဆုံးပါစေ"၊ "သရုပ်မှန်ဝါဒ မရှိစေရ" စသဖြင့် နင်ပဲ ငဆမပြော၊ မစော်ကားခဲ့။

လက်ရှိ အခြေအနေအရ တွေ့တွေ့နေရသည်ကား မော်ဒန်၊ ပို့စ်မော်ဒန်သမားများကို တစ်ဖက်ကချည်း စတင်ထိပါးနေခြင်းပင်။

ပုံစံဟောင်းများကိုမှ ကြိုက်ပါသည်ဆိုလျှင် ထို... ထို ပုံစံဟောင်းများကို ရှာဖတ်နိုင်သည်။

အသစ်ကို နားမလည်လျှင် တိတ်တိတ်ကလေး ထိုင်နေသင့်သည်။ သိက္ခာရှိရှိ ငြိမ်းချမ်းသည့် အပြုအမူ ဖြစ်ပါသည်။

## ၂း၁၀။ ယဉ်ကျေးမှု၏ မျက်နှာစာနှစ်ဖက်

"ယဉ်ကျေးမှု" ဟူသော စကားကို ပြောလိုက်ခြင်းဖြင့် ကွဲကွဲပြားပြား ဆင်ခြင်စရာနှစ်ရပ် ရှိသည်။ တစ်ခုက Culture ဆိုသည့် "ယဉ်ကျေးမှု"။

mgyoe.com

mgyoe.com


နောက်တစ်ခုက Civilization ဆိုသည့် "ယဉ်ကျေးမှု"။ မည်သည့်အရာကို ရည်ရွယ်၍ ပြောနေကြပါသနည်း။

ယဉ်ကျေးမှု (Culture) ၏သဘောကား မြတ်နိုးဖွယ်ကောင်းသည်။ မိဘဘိုးဘွားဘီဘင်တို့၏အမွေအနှစ် ဖြစ်သည်။ ပင်ကို ဇာတိသဘောဖြစ်သည်။ အရှည်တည်တံ့သင့်သော မပြောင်းလဲသည့်သဘောဖြစ်သည်။ ယင်းအပေါ်တွင် ဂုဏ်ယူတတ်ရမည်။ မိမိတို့၏ ယဉ်ကျေးမှု (Culture) ကို ထိန်းသိမ်းသင့်ကြောင်း မော်ဒန်၊ ပို့စ် မော်ဒန်သမားတို့ ကောင်းစွာ နားလည်သဘောပေါက်ထားကြသည်။ ခံယူထားကြသည်။

ယဉ်ကျေးမှု (Civilizataion) ၏ သဘောကား သစ်လွင်သည်။ ခေတ်ပြိုင်လူသားတို့၏ဖန်တီးနိုင်မှု ဖြစ်သည်။ လူ၏ တိုးတက်တီထွင်လိုသော စွမ်းပကားမှရသောရလဒ် ဖြစ်သည်။ ထို့ကြောင့် အချိန်နှင့်လိုက်၍ တရွေ့ရွေ့ ပြောင်းလဲဆန်းသစ်နေသည်။ ကမ္ဘာဆန်သည်။ ခေတ်ပြိုင် လူသားတို့၏နှလုံးသားနှင့် အနီးကပ်ဆုံးအရာ ဖြစ်သည်။ ယင်းကို ချစ်တတ်၊ လက်ခံတတ်ရန်၊ သည့်ထက် သည့်ထက် ပိုမို မြင့်မားသည့် စွမ်းပကားတို့ကို ပြရန်လည်း မော်ဒန်၊ ပို့စ်မော်ဒန်သမားတို့က နှလုံးသွင်းတတ်ကြပေသည်။

အားလုံးလည်း ထိုသို့ နှလုံးသွင်းတတ်ရန် လိုမည်ထင်သည်။

## ၂း၁၁။ နေရာ

နဝဒေးသည်လည်းကောင်း၊ နတ်သျှင်နောင်သည်လည်းကောင်း၊ မြဝတီမင်းကြီး ဦးစသည်လည်းကောင်း၊ ဦးပုညသည်လည်းကောင်း ကျွန်တော်တို့၏ယဉ်ကျေးမှုသမိုင်းတွင် ကမ္ပည်းမှတ်တိုင်စိုက်ကာ နေရာတစ်ခု အသေအချာရသွားခဲ့ကြပြီ ဖြစ်သည်။

မည်သူကမျှ မငြင်းဆန်ပါ။ မည်သူကမျှ မကန့်ကွက်ပါ။ မည်သူမျှ သူတို့ကို ပုတ်ခတ်ဖယ်ရှား၍ နေရာဝင်လုရန် မကြိုးစားကြပါ။

**သရုပ်မှန် ဝါဒ (Realism) ကရော ယဉ်ကျေးမှုသမိုင်းတွင် နေရာတစ်ခု မှတ်တိုင်စိုက်ထူခဲ့ပြီးပြီလား။ စိုက်ထူခဲ့ပြီးပြီဆိုလျှင် ကိုယ့်ဘာသာကိုယ် သိက္ခာရှိစွာ ငြိမ်းငြိမ်းချမ်းချမ်းနေပါ။ မစိုက်ထူ**

mgyoe.com

mgyoe.com


ရသေးလျှင် (ဆန္ဒရှိပါက) စိုက်ထူနိုင်အောင် ဆက်လက်ကြိုးစားပါ။

မော်ဒန်၊ ပို့စ်မော်ဒန်ကို ပုတ်ခတ်တိုက်ခိုက် ဖယ်ရှားထုတ်ပစ်လိုက်မှ Realism နေရာရလိမ့်မည်ဟု ယူဆထင်မြင်နေပါက ယင်း သည် ကိုယ့်ဘာသာကိုယ် တာမလုံခြင်းသာ ဖြစ်၏။ သူမရှိမှ ငါနေရာရမည်ဆိုသည့် အကျင့်မျိုးသည် ဘယ်ဘက်ကကြည့်ကြည့် မကောင်းပါ။ ကျွန်တော်တို့သည် ဘတ်(စ်)ကားစီးရင်း နေရာလုနေကြသည်မဟုတ်။ တစ်ဖက်က မော်ဒန်သမားတို့ကလည်း နေရာရရေးအတွက် ရောဂါတက်နေကြသူများ မဟုတ်ကြပါ။

## ၂း၁၂။ လမ်း၏သေချာမှု

ဆောင်းပါး အရှေ့ပိုင်း (၂း၂) တွင် ရေးခဲ့သလို ကျွန်တော်တို့သည် ယဉ်ကျေးမှုလွင်ပြင်ရှိ တောင်တန်းပေါ် တက်ကြည့်ကြသည်။ ကိုယ့်ရွေးချယ်ခွင့်နှင့်ကိုယ်၊ ကျန်သူများအနေဖြင့် လွင်ပြင်မှာချည်းနေရသည်ကို ငြီးငွေ့သောကြောင့် လိုက်ပါ တက်လိုပါသည်ဆိုလျှင်လည်း ရသည်။ ရှေ့မှ တက်သွားသူများ ဖောက်ခဲ့သည့် တောင်တက်လမ်းကရှိနှင့်ပြီ။ သူများ ဖောက်ပြီးသားလမ်းဖြစ်၍ မတက်ချင်၊ ကိုယ့်ဘာသာ တခြားတောင် သွားတက်မည်ဆိုလျှင်လည်း ရသည်။ တောင်ပေါ် မတက်ရဲလို့၊ မတက်ချင်လို့ စသဖြင့် နေနေကျ လွင်ပြင်မှာပင် မငြီးမငွေ့တမ်း ဆက်နေချင်သပဆိုလျှင်လည်း နေစေ။ တစ်ခုသာ၊ နားလည်မှုရှိရန် လိုအပ်သည်။

- တောင်ပေါ်တက်နေကြသူများကိုလည်း တောင်အောက်က ခဲဖြင့် လှမ်းပစ်စရာ မလို။
- တောင်ပေါ်မှ လူများကလည်း တောင်အောက်ကို တံထွေးဖြင့် လှမ်းထွေးစရာ မလိုပါ။

## ၂း၁၃။ အလုပ်သာလျှင် အဓိက

- အလုပ်ရှုပ် မခံချင်ပါ။
- ကျွန်တော်တို့ ကိုယ့်အလုပ်ကိုယ် လုပ်ကြမည်။

mgyoe.com

mgyoe.com


– ကျွန်တော်တို့သည် ယဉ်ကျေးမှု ရပ်ဝန်းဒေသ တစ်ခုတည်းနေ မိသားစု ဖြစ်သည်။

## ၂း၁၄။ အနာဂတ်

အချိန်ကာလ၊ အခြေအနေတို့၏အပြောင်းအလဲကို မည်သူမျှ ဟန့်တား၍ မရနိုင်။ ရုပ်ထွေးစရာများ ရှိလာလိမ့်ဦးမည်။ တောင်ပေါ် ထပ်တက်လာသူတွေ၊ တောင်ပေါ်မှ ပြန်ဆင်းသွားသူတွေ ရှိလာကြလိမ့်ဦး မည်။ နောက်ထပ် တောင်အဆင့်ဆင့်ပေါ် ဆက်တက်သူတွေကလည်း တက်ကြလိမ့်ဦးမည်။

အားလုံးကို ရှင်းလင်းသွားအောင် သပ်သပ်ရပ်ရပ် သေသေချာချာ တိုင်းတာပေးနိုင်သည့် ပေတံသည် နောင်နှစ်ပေါင်းတစ်ရာကျော် ကာလတွင် မွေးဖွားလာမည့် အနုပညာမျိုးဆက်သစ်တို့၏လက်ထဲတွင် ပါလာပေလိမ့်မည်။

အရေးကြီးသည်က သူတို့၏ အတိတ်ကြည့် မှန်ဘီလူးပေါ်တွင် ပုံရိပ်ထင်နေမည့် ကျွန်တော်တို့၏မျက်နှာများသည် ရှက်စရာကောင်း လောက်အောင် သိက္ခာမဲ့ မနေဖို့ပင်။

## (၃)

## ၃း၁။ အဓိပ္ပာယ် ဝေဝါးမှုများ

ရုပ်ထွေးရောယှက်နေသော အနုပညာ အယူအဆနှင့် ပုံသဏ္ဍာန် များအကြောင်းကို မပြောမီ ဦးစွာအားဖြင့် ကျွန်တော် အဓိကထား တင်ပြမည့် အနုပညာဝါဒ သုံးမျိုးသုံးစားကို အစီအစဉ် ချပြပါမည်။ ယင်းတို့မှာ...

(၁) မော်ဒန်မတိုင်မီဝါဒ (Premodernism) သို့မဟုတ် သရုပ်မှန် ဝါဒ (Realism)။

(၂) မော်ဒန်ဝါဒ (Modernism)။

(၃) မော်ဒန်လွန်ဝါဒ (Postmodernism)။

ယင်းတို့ကို မည်သို့ခွဲခြားမည်နည်း။ တစ်ခုချင်းစီကို မည်သို့ အဓိပ္ပာယ်သတ်မှတ်မည်နည်း။ မည်သို့ ဥပဒေသထုတ်မည်နည်း။ ရေရေ ရာရာ မရှိလှ။

mgyoe.com

mgyoe.com

ယင်းတို့ တစ်ခုချင်းစီ၏ သဘောကို အနီးစပ်ဆုံး ဖြစ်စေရန်၊ ခြုံငုံမိစေရန် ကျွန်တော်က ကြိုးစား၍ အဓိပ္ပာယ်ဖွင့်သည် ဆိုပါစို့။ ယင်း ဖွင့်ဆိုချက်သည် ကျွန်တော်၏ အာဘော်သာ ဖြစ်ပေမည်။ တခြားတစ်ယောက်နှင့် ကိုက်ညီမည်မဟုတ်။ မည်သူက အဓိပ္ပာယ်ဖွင့်ဖွင့် ဖွင့်သူ၏ အာဘော်ကို ဆောင်သော သတ်မှတ်ချက်ကိုသာလျှင် ရပေလိမ့်မည်။

## ၃း၂။ ရွေ့လွဲပြောင်းလဲမှု

ထိုသို့ အနုပညာဝါဒ၊ သဘောများသည် ထင်မြင်ချက်တို့ဖြင့် ပုံဖော်ထားသည့် သတ်မှတ်ချက်များသာ ဖြစ်သည်ဆိုလျှင် အနုပညာ ပစ္စည်းကိုယ်တိုင်ကရော မရေမရာဖြစ်နေသလားဟု မေးစရာရှိလာသည်။ စိတ်ကူးတည့်ရာ လျှောက်ရေး၊ လျှောက်ခြစ်ထားသည့် လက်ရာများပင်လောဟု သံသယဖြစ်စရာ ရှိလာသည်။

ထိုသို့ မဟုတ်ပေ။

အနုပညာလက်ရာသည် အသေအချာ ပုံဆောင်ထားသည့် အရာပင်ဖြစ်သည်။ ယင်းကို ခံစားသူ အစုအဝေး (အနုပညာရှင်များ၊ ဝေဖန်ရေးပညာရှင်များ၊ ပရိသတ်များ)က ဆုံးဖြတ်ချက် ချပေး၍ ရသည်။ အသိအမြင်တစ်စုံတစ်ရာကို သတ်မှတ်၍ ရသည်။ ထိုခံစားသူ အစုအဝေး အတွင်းရှိ တစ်ဦးနှင့်တစ်ဦးကား ရွေ့လွဲပြောင်းလဲနိုင်ပေသည်။ ယင်းကို (Shifting in Consensus) ဟု ခေါ်၏။

## ၃း၃။ Premodernism ၏ လက္ခဏာများ

Premodernism ၏လက္ခဏာများသည် နေရာတွင် Premodernism ၏သဘောကို ဦးစွာ ဆန်းစစ်ကြည့်ပါမည်။ Premodernism (Realism) တွင် မည်သည့်လက္ခဏာရပ်များ ပါဝင်သနည်း။ ကျွန်တော် ယေဘုယျသဘောပါအောင် ဖြေပါမည်။

Realism သည်...

mgyoe.com

(၁) စုစည်းညီညွတ်မှု (Unity) ကို အလေးပေးခြင်း

ဝတ္ထုတစ်ပုဒ်တွင် စ၊ လယ်၊ ဆုံး သုံးပါး စလုံး ညီညွတ်၏။ ဝတ္ထုတစ်ပုဒ်၏ အစသည် မိမိ တင်ပြလိုသော ပြဿနာတစ်ရပ်၊ ခံစားမှုတစ်ခု၊ စိတ်ကူးအတွေးတစ်ခုကို အစပျိုးလိုက်ခြင်းပင် ဖြစ်သည်။

နောက်... စာဖတ်သူ၏စိတ်ကို ဆွဲဆောင်နိုင်သော အခင်းအကျင်းဖြင့် ပြဿနာကို ပျိုးယူလာသည်မှာ ဇာတ်အထွတ်အထိပ် ရောက်သည်အထိပင်။ ထို နောက်တွင်မှ ပြဿနာကို ဖြေရှင်းခြင်းဖြင့် စာရေး ဆရာက တင်ပြလိုသော အတွေး၊ စိတ်ကူး၊ ဒဿန အယူအဆကို တွန်းပို့လိုက်သည်။ နောက်ဆုံးတွင် ပြဿနာပြီးပြတ်ပြီး ဇာတ်လမ်းအဆုံးကို ရောက်၏။ စာဖတ်သူကလည်း စာရေးသူ ဘာဆိုလိုသည်ကို ကောင်းစွာ သိလိုက်လေသည်။ ယင်းကို...




ဖွဲ့စည်းမှုဖြင့် ဖော်ပြလိုသော အကြောင်းအရာကို စုစုစည်းစည်း တင်ပြသည်ဟု ခေါ်သည်။

(၂) ဗဟိုချက် တစ်ခုတည်းသာရှိခြင်း (Single Center)

အထက်ကတင်ပြခဲ့သည့်အတိုင်း စုစုစည်းစည်း ရေးဖွဲ့လိုသောကြောင့် ဇာတ်ကို အာရုံစိုက်ရမည့် ဗဟိုချက်(Center) ကို တစ်ခုတည်း သတ်သတ်မှတ်မှတ် ထားရှိမှုဖြစ်သည်။ အဓိက တင်ပြလိုသော အကြောင်း

mgyoe.com

mgyoe.com

အရာသည် ပြဿနာ ဆိုပါစို့။ ဝတ္ထုတစ်ပုဒ်အတွက် ပြဿနာကို တစ်ခုတည်းသာ ဦးတည် သတ်မှတ်သည်။ စာရေးဆရာက တင်ပြလိုသော အတွေးအခေါ်များ ဗရပွ ထွေပြားမနေ။ ဒွိဟဖြစ်မှုများ ပါဝင်မနေ။ အမှန်ဆိုလျှင် အမှန်၊ အမှားဆိုလျှင် အမှားတစ်ခုတည်းသာ တင်ပြသည်။ ပြောလိုသော အကြောင်းအရာများ ရှုပ်ထွေးရောနှောမပြ။ တစ်ခုတည်းကိုသာ ပြောသည်။

ယင်းကို ဗဟိုချက်တစ်ခုတည်းသာရှိခြင်းဟု ခေါ်သည်။

(၃) တစ်သမတ်တည်းသော အသံဖြင့်ပြောခြင်း
(Single Narrative Voice)

ဇာတ်ကောင်နှင့် ဇာတ်ကြောင်းတို့ကို တင်ပြနေသော စာရေးဆရာ၏ စကား–စာသား (Narrative) သည် တစ်ခုတည်း၊ တစ်သဘောတည်းသာလျှင် ဖြစ်သည်။ (စာရေးဆရာက လူကောင်း အဖြစ်သတ်မှတ်သူသည် ကောင်းသော အပြုအမူများကို ပြုလုပ်သည်။ လူဆိုးသည် ဆိုးသောအပြုအမူကို ပြုလုပ်သည်။ ယင်းကောင်း–ဆိုးသည် စာရေးဆရာတစ်ယောက်တည်းက ပြောပြခြင်းကြောင့် တစ်သမတ်အသံ ဖြစ်၏။ ဇာတ်ကောင်၏ လှုပ်ရှားမှုကို သရုပ်ဖော်ရာတိုင်းတွင် (အကွက်တိုင်း၊ အကွက်တိုင်းတွင်) ရည်ရွယ်ချက်သည် တင်ပြလိုသော ပြဿနာဆီအရောက်သွားရန်၊ ထို ပြဿနာကို ဖြေရှင်း ရန် တစ်ခုတည်းသာ ဖြစ်သည်။

ယင်းကို ဇာတ်ကြောင်းကို တင်ပြသော အသံတစ်ခုတည်းဖြစ်ခြင်း (Single Narrative Voice) ဟု ခေါ်၏။

mgyoe.com

mgyoe.com

(၄) အဆက်မပြတ်ဖြစ်ခြင်းသဘော (Continuity) ကို အလေးပေးခြင်း

ထိုသို့ ဇာတ်ကြောင်းကိုတင်ပြရာတွင် လှုပ်ရှားမှုနှင့် ဇာတ်ကွက်တို့သည် ဟိုရောက် သည်ရောက်ဖြစ်မနေ။ အခြေအနေများ၊ လှုပ်ရှားမှုများ၏ ဦးတည်ရာသည် ဆုံမှတ်တစ်ခုတည်း (ပြဿနာ၊ အဖြေ) ဆီသို့ တောက်လျှောက်သွားနေ၏။ ပင်ရင်း ဦးတည်ရာနှင့် မသက်ဆိုင်သော လှုပ်ရှားမှုနှင့် အဖြစ်အပျက်တို့ကို (ပြင်ပ သဘာဝအရဆိုလျှင် ထိုသို့ တခြားလှုပ်ရှားမှု၊ အဖြစ်အပျက်တို့ ပါဝင်လာတတ်သည့် သဘောရှိသည့်တိုင် ယင်းသဘာဝသဘောကို မေ့ထားပြီး) ချန်လှပ်ခဲ့သည်။ မဖော်ပြဘဲ ထားရစ်ခဲ့သည်။

ဇာတ်ကြောင်းအတွက် အထောက်အကူ ပြုမည့် "ချက်ကျသော" လှုပ်ရှားမှုနှင့် အဖြစ်အပျက်များကိုသာ တင်ပြသည်။ ထိုအခါ ဖတ်ရသူအဖို့ ဇာတ်ကြောင်း၏ အလျင်၊ အတွေးနှင့် စာရေးဆရာက တင်ပြလိုသော သဘောကို အဆက်မပြတ် တောက်လျှောက် ဖတ်ရှုရလေသည်။ ယင်းကို Continuity ဟု ခေါ်၏။

(၅) အဖြစ်အပျက် အစဉ်ကျခြင်း (Sequence)

စာရေးဆရာ တင်ပြနေသော ဇာတ်ကြောင်း၊ အဖြစ်အပျက်၊ လှုပ်ရှားမှုတို့သည် (Time & Space) ၏ အကန့်အသတ် ဘောင်အတွင်းမှာသာ ရှိသည်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အချိန်ကာလ၏ အစီအစဉ်အတိုင်း ဇာတ်ကောင် ဇာတ်လမ်းတို့၏ အစီအစဉ်သည်လည်း လိုက်နာဖြစ်ပျက်ရလေသည်။

နောက်ကြောင်းပြန် ဇာတ်လမ်းတွင်လည်း နောက်ကြောင်းပြန်ခြင်း (အတိတ်ကာလ) မှသည် ပစ္စုပ္ပန်ဆီသို့ တိုးကပ်လာသည်နှင့်အမျှ (အချိန်ကာလ ရှေ့သို့ တိုးတက်

mgyoe.com

mgyoe.com

ရွေ့လျားလာသည်နှင့်အမျှ) အဖြစ်အပျက်တို့သည် လည်း တိုး၍ တိုး၍ ဖြစ်ပျက်လာ၊ ဆင့်ကဲဆင့်ကဲ ပြောင်းလဲလာရသည်။

ဤသဘောနှင့် ဖော်ကျူးသည့် အနုပညာကို အဖြောင့်သဘော (Linear) ဖန်တီးခြင်းဟုလည်း ခေါ် သည်။

(၆) အကြောင်းရင်းကို ထုတ်ရှာပြသခြင်း (Causality)

ဇာတ်လမ်း၊ အဖြစ်အပျက်၊ ပြဿနာနှင့် ယင်း ပြဿနာ၏ အဖြေကို ဘာကြောင့် ထုတ်ပေးသနည်း။ ဘာကြောင့် အစီအစဉ်ရှိရှိ အကွက်ကျကျ တင်ပြရ သနည်း။ ဘာကြောင့် ထိုသို့ ဖန်တီးယူသနည်း။

**ယင်းအမေးတို့၏အဖြေမှာ တစ်ခုတည်းသာ ဖြစ်သည်။ အကျိုးဆက်တို့ကို ဖြစ်ပွားစေသော အကြောင်းတရားကို ရှာဖွေခြင်းပင်။**

စာရေးဆရာက "သစ္စာ" တရားကို ရှာသည်။ ထိုသို့ရှာဖွေရာတွင် သူတွေ့ကြုံခံစားရသော ပြဿနာ (အကျိုး) ကို ဝတ္ထုဖွဲ့စည်းမှု အတတ်ပညာဖြင့် တင်ပြ သည်။ ထိုသို့တင်ပြရင်းက ဆက်စပ်လာသော အတွေး များကို နှိုးနှယ်၍ တွေးပြသည်။ နောက်ဆုံးတွင် ထိုသို့ ဖြစ်ပျက်ရခြင်း၏ "အကြောင်းရင်းတရား" ကို လက်ညှိုး ညွှန်ပြလိုက်တော့၏။ ယင်းသည်ပင်လျှင် ပကတိ သစ္စာ တရားကို တောင်းဆိုလိုက်သည့် စာရေးဆရာ၏ အသံ ဖြစ်သည်။

## ၃:၄။ Realism ကို ဝေဖန်ခြင်း

Realism ၏ ကောင်းကျိုး၊ ဆိုးပြစ်တို့ကို ထောက်ပြဝေဖန်ခြင်း များ၊ အယူအဆ ကွဲလွဲမှုများ အများအပြား အခိုင်အမာရှိကြသည့်တိုင်

mgyoe.com

mgyoe.com

ဤနေရာတွင်မူ အထက်က တင်ပြခဲ့သော လက္ခဏာခြောက်ချက်နှင့် ကိုက်ညီသည့် ဝေဖန်ချက်များထဲမှ တချို့ကိုသာ နမူနာအဖြစ် ထုတ်ပြသွားပါမည်။

**ဝေဖန်သူများအနေဖြင့် အဓိက သံသယဖြစ်ကြသည့်အချက်မှာ Realism က တောင်းဆို ဖော်ထုတ်ပါသည်ဟုဆိုသော ပကတိတရားသဘောကိုပင် ဖြစ်သည်။ ဥပမာအားဖြင့်...**

(၁) ပြင်ပဖြစ်ရပ်များရှိ ပကတိသဘောသည် တကယ်ပင် စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြစ်ပေါ်နေသော အကြောင်းအရာများ ဖြစ်ပါရဲ့လား။

(၂) ထိုသဘာဝလောက၏ သဘောတွင် ဗဟိုချက်တစ်ခုတည်းသာ ရှိပါသလား။ ထည့်သွင်းစဉ်းစားရန် အလေးဂရုပြုစရာ တခြား အကြောင်းအချက်များ မရှိတော့ဘူးလား။

(၃) လူတစ်ဦးချင်းစီ၏ လှုပ်ရှားမှု၊ အပြော၊ အဖြစ်အပျက်တို့သည် အမြဲတမ်း အကြောင်းကိစ္စတစ်ခုတည်းကိုသာ ရည်ရွယ်၍ လှုပ်ရှားနေပါသလား။ လူတစ်ဦးတည်းတွင်ပင် ရည်ရွယ်ချက် အမျိုးမျိုးဖြင့် လှုပ်ရှားမှုအမျိုးမျိုးကို လုပ်ဆောင်သည်။ ကိုယ်တိုင်အစိုးမရသော အဖြစ်အပျက်များကို ကြုံတွေ့လိုက်ပါ ဖြစ်ပေါ်ရသည်။ ထိုသို့ဆိုလျှင် ဇာတ်ကောင်များစွာ ပါရှိသော ဝတ္ထုတစ်ပုဒ်၏ ပင်မကျောရိုးသည် တစ်သမတ်တည်း ဖြစ်နေနိုင်ပါမည်လား။

(၄) ထိုသို့ ပကတိ ဖြစ်ပျက်နေကြသော အဖြစ်အပျက်များသည် (ဝတ္ထုတစ်ပုဒ်ထဲကအတိုင်း လှလှပပ အချိုးအချညီညီ ဖြစ်ပေါ်စေရန်နှင့် စီစဉ်ဖြစ်ပေါ်ကြခြင်း မဟုတ်သောကြောင့်) ကြားဝင် ပြောင်းလဲမှုများ၊ တင်ပြလိုသော အကြောင်းရပ်နှင့်မဆိုင်သော လှုပ်ရှားမှုများ ပါဝင်လာခြင်းဖြင့် အဆက်ပြတ်တောက်မှုများ တကယ့်ဘဝတွင် မရှိနိုင်ဘူးလား။

(၅) (Time & Space) တို့သည် နှိုင်းရသဘောဖြင့် တည်ဆောက်ထားကြသော ပညတ်များသာဖြစ်ပြီး အစစ်အမှန် အတည်အတံ့ပစ္စည်းတို့ မဟုတ်ကြရာ အနုပညာစိတ်နှင့် အနုပညာသည် ယင်း Time & Space ၏ ကန့်သတ်မှုကို အားကိုးတကြီး မှီခိုနေရမည်လား။

(၆) အကြောင်းရင်းတစ်ခုကို ဖော်ထုတ်ခြင်းသည် စစ်မှန်သော ပကတိ

mgyoe.com

mgyoe.com
တရား Reality ဖြစ်နိုင်ပါရဲ့လား?

အခြေအနေတစ်ရပ်၊ အကျိုးတစ်စုံတစ်ရာကိုဖြစ်စေသော အရာသည် အကြောင်းတစ်ရပ်တည်းသာ ဖြစ်သည်ဟု မည်သူက အတိအကျဆုံးဖြတ်ပါသလဲ။ တစ်ခုထက်ပိုသည့် အကြောင်းကြောင်းသော အကြောင်းများစွာ မရှိနိုင်ဘူးလား။ ထိုအကြောင်း များစွာ၏ သဘာဝကို မစေ့ငနိုင်ဘဲ မိမိ၏ခံစားမှုနှင့်ယှဉ်သော မိမိဘာသာ ပိုင်းခြားဝေဖန်မှု၏အဖြေကို (Cause) အဖြစ် ဖော်ထုတ်လိုက်ခြင်းသည် ပကတိ အကြောင်းရင်းစင်စစ် ဖြစ်နိုင်ပါမည်လား။

လတ်တလော ဖြစ်ပေါ်သောအကြောင်း (ဝတ္ထုဇာတ်လမ်း) ၏ ပြကွက်၊ ရှုထောင့်၊ ခံစားမှုသည် စာရေးသူထံမှလာသော အကြောင်းသာ ဖြစ်သည်။ (Unity) စုစည်းမှုဖြစ်အောင် လုပ်ထားရသော အကြောင်းသာ ဖြစ်သည်။ စာရေးသူပြလိုသော ဗဟိုချက်တည့်တည့် (Single-Centre) ကိုသာ ကွက်၍ ပြသည်။ စာရေးသူ စီစဉ်ထားသော စ၊ လယ်၊ ဆုံး ပုံစံအတိုင်း ဝင်အောင် စီစဉ်ထားသည့် အစဉ်အဆက်ရှိမှု (Continuity) သာ ဖြစ်သည်။ ခြုံ၍ပြောရလျှင် လတ်တလော အခြေအနေ (Acute Experience) သာ ဖြစ်သည်။

ယင်းအပေါ် မူတည်၍ချသော ကောက်ချက်သည် "ပကတိတရားစင်စစ်" ဖြစ်ပါမည်လား။ လောက အလုံးစုံ၏ ကိုယ်စားပြုမှုကို ရပါမည်လား။ စာရေးဆရာ၏ အလိုဆန္ဒအတိုင်း တွန်းပို့ရာ မရောက်ဘူးလား။

ကမ္ဘူးရှုံးထိုး လိုရာဆွဲ၍ ချမှတ်သော ဆုံးဖြတ်ချက် သဘော ဆန်မနေဘူးလား။

(၇) ရသဗေဒပညာရှင်တို့၏ အဆိုအတိုင်း စာသံပေသံပေါက်အောင် ပြောရလျှင် **Realism သည် အလှတရားကို အစီအစဉ်တကျ ဖြစ်အောင် ထားသိုပြင်ဆင်ထားခြင်းကို တပ်မက်သည်။ ယင်းမှရသော အာရုံခံစားမှုဖြင့် သစ္စာတရားကို လှမ်း၍ ဆုံးဖြတ်လေသည်။**

အတွေးအခေါ်အားဖြင့်လည်း လူတစ်ဦးတစ်ယောက်
mgyoe.com

mgyoe.com

ချင်းစီသည် လူ့အဖွဲ့အစည်းကြီး တစ်ခုလုံးအတွက် အစုအပေါင်း ဖြစ်ခြင်းသာလျှင် ထိုတစ်ဦးချင်းစီအတွက် အကောင်းဆုံးဖြစ်သည် ဟူသော သဘောမျိုးကို ထောက်ခံချက်ပေးလေသည်။ လူတစ်ဦး တစ်ယောက်၏ အဆုံးသတ်မဲ့ခြင်း၊ ပန်းတိုင်ပျောက်ဆုံးခြင်းတို့ သည် လူ့အဖွဲ့အစည်းအတွင်းရှိ တခြားသော (သူ့အဖြစ်နှင့် ဆန့်ကျင်လျှင် ဆန့်ကျင်နေမည်ဖြစ်သော) အစုအပေါင်းအောက် တွင် ရောပါသွားရတော့သည်။ လူတစ်ဦးချင်းစီတွင် တစ်သီးပုဂ္ဂလ ဖြစ်ခွင့်ရှိမှုသည် အရေးကြီးကြောင်း လက်မခံပေ။

အနုပညာတည်ဆောက်မှု အတတ်ပညာအားဖြင့်လည်း ထွေထွေထူးထူး ဆန်းသစ်နိုင်ခြင်းမရှိ။ (အနောက်တိုင်း Realism ၏ Perspective အမြင်နှင့် အနုပညာဖွဲ့စည်းပုံ ဥပဒေသ တို့သည်ပင် Renaissance ခေတ်မှ သဘောတရားများကို စီတန်းကြဲဖြန့်လုပ်ထားရုံမျှသာ ဖြစ်၏)။ ကျွန်တော်တို့ဆီတွင် လည်း ဟိုး Realism ခေတ်ဦးမှ ရေးခဲ့သည့် ဝတ္ထုတစ်ပုဒ်နှင့် မနေ့တစ်နေ့က ရေးသော Realism ဝတ္ထုတစ်ပုဒ် ယှဉ်ချကြည့် ပါ။ ဘာတွေများ အံ့သြဘနန်း ထူးခြားပြောင်းလဲတိုးတက်လာ သည်ကို တွေ့ရပါသလဲ။ Slogan ဆန်မှုတွေတော့ လျော့ပါး တိမ်ကောသွားသည် ထင်၏။

ထို့ကြောင့် တဖြည်းဖြည်းနှင့် ယင်းအနုပညာ ပုံစံတို့ သည် ခေါက်ရိုးကျိုးလာရတော့သည်။ (အားထုတ်မှုနည်းလေလေ ခေါက်ရိုးကျိုးမှု ပိုသိသာလေလေပင် ဖြစ်၏)။

ထိုသို့ ဆိုလိုက်ခြင်းသည် Realism ကျဆုံးသွားပြီဟု ဆိုလိုက်ခြင်းမဟုတ်။ Realism ဆိုတာတွေ ရေးနေဖို့ မကောင်း တော့ပါဘူးဟု သွယ်ဝိုက်စော်ကားခြင်းလည်း မဟုတ်။

Realism မကျဆုံးပါ။ အရည်အချင်းရှိသော Realism သည် မကျဆုံးနိုင်ပါ။ အားထုတ်မှုရှိနေသရွေ့၊ အားထုတ်သူ တွေ ရှိနေသရွေ့ အနုပညာဝါဒ တစ်ရပ်သည် လှုပမြဲ လှုပနေ လိမ့်ဦးမည်သာ ဖြစ်၏။

mgyoe.com

mgyoe.com

## ၃း၅။ Modernism ၏ လက္ခဏာရပ်များ

Modernism ၏ လက္ခဏာရပ်များကို တင်ပြရာတွင်လည်း ယေဘုယျသဘောကိုသာ ခြုံငုံနိုင်အောင် ကြိုးစားသွားပါမည်။ အထူးသဖြင့် ရှေ့တွင် တင်ပြခဲ့ပြီးဖြစ်သော Realism ၏ သဘောနှင့် ယခု Modernism တို့ ဘာတွေကွာခြားသလဲ၊ ဘာတွေတူညီသလဲ စသော နှိုင်းယှဉ်ခွဲခြမ်းမှု ပုံစံပေါ်အောင် တွဲစပ်ပြချင်သည်။

(၁) စုစည်းညီညွတ်မှု (Unity)

စုစည်းညီညွတ်မှု သဘောကို Modernism တွင်လည်း ဆက်လက်ကိုင်စွဲထားဆဲပင်ရှိသည်။ သို့သော် ယင်းစုစည်းမှုသည် Realism တုန်းကလို ပုံစံမျိုး မဟုတ်တော့။ ဝတ္ထုတစ်ပုဒ်ကို ဖွဲ့နှောင်ထားသော စုစည်းမှုသည် တမင်တကာ လုပ်ယူထားရသော အားထုတ်မှုမှန်း စာဖတ်သူကို သိသာစေသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် မတတ်သာ၍သာ တစုတစည်းတည်း ပုံစံရေးရခြင်းဖြစ်ပြီး ဖတ်သူက ဖတ်နေရင်း ဖတ်နေရင်း လက်ရှိမြင်နေရသော စုစည်းပုံကြီး တစ်ခုလုံးသည် ပညတ်သဘောဖြင့်သာ စုစည်းနေခြင်းဖြစ်ကြောင်း မြင်လာစေသည်။ စာရေးသူက အတင်းကြီး သိသိသာသာ အားထုတ်ကြိုးပမ်း စုစည်းတည်ဆောက်ထားပါကလားဟု မမြင်မြင်အောင် ပြသည်။

ထိုသို့ဆိုလျှင် ယင်း (တမင်တကာ လုပ်ယူထားပုံ ပေါ်နေသော) စုစည်းမှုသည် မည်သည့်အရာများဖြင့် လုပ်ယူဖွဲ့စည်းသနည်း။

(A) စိတ်ပိုင်းဖြတ်မြွာမှု Fragmentations များကို ဟိုမှသည်မှ ကောက်ယူစုစည်းသည်။ (စိတ်ပိုင်းဖြတ်မြွာမှုဆိုရာ၌ ခံစားမှုတို့ အစိတ်စိတ် အမြွာမြွာဖြစ်နေခြင်း၊ အတွေးတို့ အစိတ်စိတ် အမြွာမြွာ ဖြစ်နေခြင်း၊ အဖြစ်အပျက်တို့ အစိတ်စိတ် အမြွာမြွာဖြစ်နေခြင်းတို့ ပါဝင်သည်။ ရေးသားသော ဝါကျတို့တွင်လည်း တစ်ဆက်တည်း။

mgyoe.com

mgyoe.com


တပြန့်တပြူး သမားရိုးကျ မရေးတော့ဘဲ စကားလုံးများ ပုဒ်စုများ၊ အပိုင်းပိုင်း အပြတ်ပြတ် ကောက်စီ ထားသလိုမျိုးဖြစ်အောင် ရေးဖွဲ့လာတော့သည်။)

ဥပမာ– **ကျွန်တော့်အရိပ်၊ ဝိညာဉ်ကူးခဲ့ပြီ။ အမှတ်တရ ဖြစ်စရာဆိုလို့ ငယ်ငယ်က ပန်းကောက်ခဲ့တာပဲရှိ။ တပ်မက်စရာ တစ်ခုခုတော့ ရှိပါစေ။ သောက်ခဲ့ဖူးတဲ့ ဆေးလိပ်တိုတွေ** အကြောင်းချည်း ပြောရတာ ငြီးငွေ့လှ။ မိတ္တူကူးစက်။

**(အောင်စည်ဟိန်း၊ သရဖူမဂ္ဂဇင်း၊ အမှတ်–၂၄၊ မြစ်ကူးတံတား)**

(B) ရုတ်ခြည်းပြောင်းလဲမှု၊ ပျက်စီးမှုတို့ကို တပေါင်းတည်း တွဲယှဉ်ပြ၍ စုစည်းသည်။

ယင်းပြောင်းလဲမှု၊ ပျက်စီးမှုတို့ သဘောဟုဆိုရာတွင် အချိန်၏သဘောနှင့် နေရာ၏သဘောတို့ပါ တစ်ပါတည်း ပါဝင်သည်။ ယနေ့အကြောင်း ရေးနေရင်းတန်းလန်းက နက်ဖြန်အကြောင်း ရောက်ချင်ရောက်နေမည်။ ဒီနေရာတွင် ရှိနေရာက တခြား တစ်နေရာတွင်လည်း ရှိနေပုံကို၊ နောက်တစ်ဦးနှင့် စကားပြောနေပုံကို သရုပ်ဖော်လျှင်ဖော်မည်။ သည်ပစ္စည်းတစ်ခုသည် လောလောလတ်လတ် ယခုပင် တည်ရှိနေရာက ယခုပင် မရှိတော့ဘဲ ဖြစ်ချင်ဖြစ်မည်။ ပျက်စီးချင် ပျက်စီးမည်။

ဘာကိုမှ အတည်တကျ အစွဲအဖြစ် အသိအမှတ်မပြုသော ခံစားမှုဖြစ်သည်။ အထက်ကဆိုခဲ့သော စကားနှင့် ပြောရလျှင် ပညတ်တို့၏ မရေရာခြင်းသဘော ဖြစ်လေသည်။

ဥပမာ– ပြက္ခဒိန်ထိပ်တွင် ထင်ထင်ရှားရှား ရေးထားသည်က ၂၀၀၁ **ခုနှစ်၊ ဟင့်အင်း... အားလုံး မှားနေပြီ။ ဒါ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး။ ခုမှ ၉၄ ဒီဇင်ဘာရှိသေးတာ။ ဦးနှောက်**သည် နားမလည်မှု၊ စိတ်ရှုပ်ထွေးမှုဖြင့် တင်းကျပ်ဖောင်း**ကားနေ၏။ ဆောက်တည်ရာမဲ့ အခြေအနေဖြင့် ဇနီးသည်ကို လှမ်းကြည့်မိတော့ ကျွန်တော့်ဇနီးသည် ကြေရည်ဆိုင်**

mgyoe.com

ထိုင်ခုံတွင် ထိုင်လျက် အနေအထားဖြင့် အစိတ်စိတ် အမြွာမြွာ ပြိုကျပျက်စီးနေသော စကျင်ကျောက်ရုပ်တစ်ရုပ် ဖြစ်နေသည်ကို ထူးဆန်းစွာ တွေ့လိုက်ရသည်။

(ငြိမ်းအေးအိမ်၊ ဝါနီပြာ၊

အမှတ်–၈၊ ပွဲတော်ည)

(C) ဆန့်ကျင်ဘက်တို့ ရောနှောရှုပ်ထွေးနေခြင်းကို စုစည်းထားသည်။

ဥပမာ– တခြားသော တစ်နေရာရာ၌ ကလေးငယ်တစ်ယောက် သို့တည်းမဟုတ် ကလေးငယ်ပေါင်း တစ်သိန်းမွေးဖွား သန့်စင်နေလိမ့်မည်။ ထိုအချိန်နှင့် တစ်ပြိုင်နက်တည်း နျူကလီးယားစစ်ပွဲကြီး သုံးခုလည်း ပေါက်ကွဲဖြစ်ပွားနေလိမ့်မည်။ ထို့အပြင် အကျည်းတန်သော အင်္ဂါဂြိုဟ်ပေါ်၌ အလွန်လှသော နှင်းဆီနီတစ်ပွင့် ပွင့်သေနေလိမ့်မည်။

(မင်းထက်မောင်၊ သရဖူမဂ္ဂဇင်း၊

အမှတ်–၂၄၊ ကန့်သတ်မွေ့ပျော်ရာ)

(အထက်ပါ အချက်အလက် (B) နှင့် (C) တို့၏ သဘောကို Juxtaposition ဟုလည်း ခေါ်ကြသည်)။

ထို့ကြောင့် Modernism တွင် တွေ့မြင်ရသော စုစည်းမှုသည် Realism မှာတုန်းကကဲ့သို့ ပြေပြေပြစ်ပြစ် ချောချောမွေ့မွေ့ မရှိတော့။ အမြင်က အမျိုးမျိုး၊ အသံက အမျိုးမျိုး၊ ခံစားမှု အမျိုးမျိုး၊ ဖွဲ့စည်းထားသော ကိုယ်ထည်ဒြပ်သား အမျိုးမျိုးတို့၏ ထိုးထိုး ထောင်ထောင် ရှန်းကြွထနေသည့် အစုအစည်း သွင်ပြင်အဖြစ် မြင်ရလေသည်။

ယင်းကို ဗဟုသဘော (Multiplicity) ဟု ခေါ်၏။

ဗဟုသဘောဖြစ်ခြင်းသဘော (Multiplicity) သည် နယ်ပယ် အသီးသီးတွင် ကျယ်ပြန့်စွာပတ်သက် အကျုံးဝင်လျက်ရှိသည့် အရေးပါသောသဘောတစ်ရပ်ပင် ဖြစ်သည်။ ယင်းသဘောသည် ရွေးချယ်စရာ များပြားခြင်း၊ လုပ်ကိုင်စရာ များပြားခြင်း၊ တွေးခေါ်စရာ များပြားခြင်း၊ နှစ်သက်စရာ များပြားခြင်း၊ ကျင့်သုံးစရာ များပြားခြင်း စသည်ဖြင့် နယ်ပယ် အသီးသီးတွင် တစ်ပြိုင်နက်တည်း ပွင့်လျက်ရှိသောလမ်းများပင်ဖြစ်၏။

mgyoe.com

(တစ်ပြိုင်နက်) ဟူသောစကားကို ကျွန်တော် အထူးပြု၍ ပြောခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ပြောကြကြေးဆိုလျှင် မည်သည့်အချိန်၌ပင်မဆို လုပ်စရာ၊ ရွေးချယ်စရာ၊ တွေးခေါ်စရာများ အဆက်မပြတ် များပြားနေတတ်သော လောကသဘောရှိကြောင်း ငြင်းချက်ထုတ်မည်ဆိုလျှင် ထုတ်နိုင်သည့် ရှုထောင့်လည်းရှိသောကြောင့်ပင်။

၃း၆။ ယခု ကျွန်တော် ဆိုလိုသည်က အဆက်မပြတ် များပြားခြင်း မဟုတ်။ တစ်ခုတည်းတွင် ကောင်း၊ ဆိုး နှစ်ရပ် တွဲနေသည့် သဘောမဟုတ်။ တစ် ချိန်တည်း၊ တစ်ပြိုင်တည်းတွင် ထွက်ပေါက်တံခါး အားလုံး ဝုန်းခနဲ ပွင့်ထွက်သွားသည့် အခန်းတစ်ခု၏အလယ်တွင် ရောက်နေရသည့် အနေအထားမျိုးကို ဆိုလိုသည်။ ရှင်းပါသည်။ တံခါးနှစ်ပေါက် အနက် ဘယ်ကိုဝင်ရမလား၊ ညာကိုဝင်ရမလားဟူသည့် ထွေပြားမှုမျိုး မဟုတ်။ သည်တံခါးတစ်ချပ်ပြီးလျှင် နောက်တစ်ချပ်၊ နောက်တစ်ချပ် ပြီးလျှင် နောက်တစ်ချပ်ဟူသည့် များပြားမှုမျိုးလည်း မဟုတ်ကြောင်း စဉ်းစား ကြည့်ရုံမျှဖြင့် သိသာကွဲလွဲပါသည်။

၃း၇။ ဥပမာတစ်ခု ပေးပါမည်။

ယခင် ကျွန်တော်တို့ ဖခင်၊ ဦးလေးများ လူပျိုလူလွတ်ဘဝတွင် စတိုင်(လ်)တစ်ခုကို စွဲစွဲမြဲမြဲ ကျင့်သုံးကြသည့် ခေတ်သဘောရှိခဲ့ဖူးသည်။ ဆိုပါစို့။ အင်္ကျီကော်လံအရှည်ကြီး ချစတမ်းဆိုလျှင် ထိုခေတ်လူငယ် အားလုံးလောက်နီးနီး အင်္ကျီကော်လံရှည်ကြီးများတွေနှင့် ဖြစ်ကုန်ကြ၏။ ခေါင်းလောင်းဘောင်းဘီဟော့ဆိုလျှင် လူငယ်အားလုံးနီးပါး ခေါင်းလောင်း ဘောင်းဘီပွပွကြီးတွေနှင့်။ ဆံပင်ရှည် ဆိုပြန်လျှင်လည်း အားလုံးတညီ တညာတည်း ဆံပင်တွေ ရှည်ကြပြန်သည်။ နောက်တစ်ခါ တစ်မျိုး ပြောင်းပြန်ပြီ။ ဆံပင်တိုနှင့်မှဆိုလျှင်လည်း အားလုံးလိုက်၍ တိုကြပြန်သည်။ နောက်ပိုင်းတွင်ကား စတိုင်(လ်)တစ်ခု၏ သက်တမ်းသည် သိပ်ကြာကြာမခံတော့။ ခဏအတွင်းမှာပင် တစ်ခုပြီးတစ်ခု မြန်မြန် ဆန်ဆန် ပြောင်းလဲလာကြ၏။

mgyoe.com

mgyoe.com


၃း၈။ ယခု ကျွန်တော်တို့ လူငယ်ခေတ်။

စတိုင်(လ်) တစ်ခုတည်းကို အားလုံးက တညီတညွတ်တည်း ဝိုင်း၍ ကျင့်သုံးသည့် ပုံစံမရှိတော့။ ရုပ်ရှင်မင်းသား ဒွေး စတိုင်(လ်)ကို ကြိုက်သူများက ဆံပင်တိုတို၊ လွယ်အိတ်ကို လက်မှဆွဲ။ ရော့(ခ်) အဆိုတော်များကို ကြိုက်သူက ဆံပင်ရှည်ရှည်၊ ဘောင်းဘီရှည်ရှည်၊ လက်ကောက်ဝတ်တွင်လည်း ဘာတွေညာတွေပတ်လျက်၊ ချိတ်လျက်။ ရက်(ပ်)အဆိုတော်များကို ကြိုက်သူကလည်း ဘောင်းဘီ မတိုမရှည် ဒူးဖုံးရုံလောက် ပွပွကြီး၊ ခေါင်းစွပ်အင်္ကျီမှ ကြိုးနှစ်ချောင်းကလည်း တိုးလိုးတန်းလန်း၊ အဆိုတော် စည်သူလွင်တို့ ဘာတို့ကို ကြိုက်သူကလည်း ခေါင်းမှဆံပင် မတိုမရှည်ကို အလယ်ကခွဲ၊ နီကြောင်ကြောင် အရောင်က ဆိုးလိုက်သေး။ သည်ကြားထဲ တချို့ကလည်း ဘာကို ကြိုက်သည်မသိ။ ပုဆိုးချက်ပြုတ် ဝတ်ကြပြန်၏။ အသွေးစုံ၊ အရောင်စုံ၊ ပုံစံစုံ...။

တစ်ပြိုင်တည်း၊ တစ်ချိန်တည်း၊ တစ်ခေတ်တည်းရှိ လူငယ်များ ဖြစ်ပါလျက် ကိုယ်နှစ်သက်ရာကို ကိုယ်ခံစားလုပ်ကိုင်ရင်း ဗဟုသဘော ဆောင်နေကြ၏။

၃း၉။ တစ်ပြိုင်တနက်တည်း ပွင့်သွားသောလမ်းများဟု ကျွန်တော် ဆိုခဲ့သည်။ တမင်ဖန်တီးခြင်း မဟုတ်ပါဘဲ ဖြစ်ပေါ်လာသော စပ်ဆိုင်ရာ အခြေအနေ အသီးသီးက စေ့ဆော်ပေးသည့် အကြောင်းများစွာ ရှိသည်။ ထိုအကြောင်းများ၊ အခြေအနေများကို အရင်းခံ၍ဖြစ်သော ဩဇာလွှမ်းမိုးမှုသည် လူငယ်များအပေါ် ဖြန့်ကြက်ကျရောက်လေသည်။

၃း၁၀။ သမိုင်းကြောင်းဘက် နီးစပ်ရာ ယှက်နွယ်ကြည့်မည် ဆိုပါစို့။

ကိုလိုနီလက်အောက်ခံ ဘဝဖြင့်နေရသော နိုင်ငံများအတွက် ရွေးချယ်စရာတစ်ခုတည်းသာရှိသည်။ ယင်းမှာ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသား လွတ်မြောက်ရေးပင် ဖြစ်၏။ ထိုအရေးကြီးဆုံးအချက် တစ်ခုတည်းကသာ အားလုံး၏ အတွေးအခေါ်ကို လွှမ်းမိုးနေရာယူထားသည်။ ထို့ကြောင့် ထိုခေတ်၊ ထိုအခြေအနေမျိုးတွင် လူငယ်တို့၏ ခံစားမှုနှင့် အနု

mgyoe.com

mgyoe.com

ပညာပုံရိပ်များသည် တစ်သွေးတည်း၊ တစ်ရောင်တည်း (နီးပါး) ဖြစ်တတ်ကြသည့်သဘောရှိ၏။

၃း၁၁။ နောက် လွတ်လပ်ပြီး နိုင်ငံများကို ကြည့်ပြန်လျှင်လည်း နှစ်ပိုင်းခွဲမြင်နိုင်ပေသည်။

ဆိုရှယ်လစ်၊ ကွန်မြူနစ် နိုင်ငံများကတစ်ပိုင်း၊ လစ်ဘရယ်ဝါဒကို ကျင့်သုံးသည့် နိုင်ငံများကတစ်ပိုင်း။

ဆိုရှယ်လစ်၊ ကွန်မြူနစ်နိုင်ငံများတွင် နိုင်ငံရေးအရ တစ်ပါတီစနစ်၊ စီးပွားရေးအရ စီမံကိန်း စီးပွားရေးစနစ် ဗဟိုဦးစီးချုပ်ကိုင်မှုဖြစ်သောကြောင့် သဘောအားဖြင့် တစ်လမ်းသွားဆန်ပေသည်။ ထို့ကြောင့် ထိုစနစ်မျိုးကျင့်သုံးသော နိုင်ငံများတွင်လည်း လူငယ်များနှင့် အနုပညာသည် အညီအညွတ် သဘောဆောင်သည်ဟု အကြမ်းဖျင်း ယူဆ၍ရ၏။ ဥပမာ... ဆိုရှယ်လစ် သရုပ်မှန်စာပေများ ကျယ်ပြန့်ထွန်းကားခြင်းပုံစံမျိုး၊ အယူအဆနှင့် ရှုထောင့်တို့သည် အခြေခံ လူတန်းစား လူထုဘက်က ရပ်တည်ကြခြင်း၊ ပြည်သူကို အကျိုးပြုရမည်ဟူသော ယုံကြည်ချက်နှင့် ကြွေးကြော်သံကို ကိုင်စွဲကြခြင်း စသည်တို့တွင် တူညီကြ၏။

လစ်ဘရယ်ဝါဒကျင့်သုံးသည့် နိုင်ငံများတွင်မူ နိုင်ငံရေးအားဖြင့်လည်း ပါတီစုံ၊ ဝါဒစုံ၊ စီးပွားရေးအားဖြင့်လည်း လွတ်လပ်ပွင့်လင်းသော ကုန်သွယ်ရောင်းဝယ် ဖောက်ကားရာ စီးပွားရေးစနစ်...။

သို့အတွက် အတွေးအခေါ်အားဖြင့်၊ ကျင့်သုံးပုံအားဖြင့် ဗဟုသဘော ဆောင်ကြသည်မှာ မဆန်းပေ။

၃း၁၂။ ၁၉၉၀ ပြည့်နှစ်များ တစ်ဝိုက်တွင် ဆိုရှယ်လစ်၊ ကွန်မြူနစ်နိုင်ငံများ ပြိုကွဲသွားသောအခါ ထိုနိုင်ငံများရှိ လူငယ်တို့၏ အတွေးအခေါ်နှင့် ခံစားမှုသည် မြန်းစားကြီး ပြောင်းလဲသွားတော့၏။ သည့်မတိုင်မီအစောပိုင်းကာလများကလည်း တစ်လမ်းသွား၊ တစ်ပုံစံ အနုပညာကို ထိုးဖောက်ခဲ့မှုများရှိခဲ့သည်သာ။ သို့သော် အုပ်စုလိုက်၊ အကွက်လိုက် သဘောကိုသာ ဆောင်နေပြီး နိုင်ငံနှင့်အဝန်း လှုပ်ရှား ပါဝင်မှု အဆင့်ထိ

mgyoe.com

mgyoe.com


မရောက်သေး။ ဆိုခဲ့ပြီးသော ၉၀ ပြည့်နှစ်တစ်ဝိုက်ကာလများတွင်ကား မဂ္ဂဇင်း စာမျက်နှာများပေါ်တွင်လည်းကောင်း၊ တခြား တခြားသော သက်ဆိုင်ရာ အနုပညာနယ်ပယ်များတွင်လည်း မုန်တိုင်းငင်မိုး တအုန်းအုန်း ရွာသလို ရွာချကာ ရေကြီးသည်နှင့် အလားတူ လွှမ်းမိုး ဖုံးအုပ်ပစ်လိုက်သည်အထိ ဖြစ်သွား၏။

အစောပိုင်း ကာလများထက် ပါဝင်မှု အရေအတွက် အရသော်လည်းကောင်း၊ ပြင်းထန်မှု ပမာဏအရသော်လည်းကောင်း ပိုသည်ဟု ဆိုချင်ပါသည်။ (ပြောင်းလဲသွားသော အနုပညာခေတ်နှစ်ခုကို အတိအကျ ပိုင်းခြားကြရန်ကား ခက်၏။ **ဒီကနေ့ ဒီအထိ ဘာခေတ်၊ နောက်ပိုင်း ဒီနေရာက ဒီနေရာအထိ ဘာခေတ် စသည်ဖြင့် ဖြတ်မျဉ်းဆွဲပြ၍ ရမည် မထင်ပါ။** တစ်ခုအတွင်းမှာပင် တခြားတစ်ခု၏သန္ဓေက ရောဝင် ပေါက်ဖွားနေသောကြောင့်ပင်)

၃း၁၃။ မည်သို့ပင်ဆိုစေကာမူ အခြေအနေ အရပ်ရပ် ပြောင်းသည်နှင့်အမျှ လူငယ်များ၏ အတွေ့အကြုံ၊ စိတ်ကူး၊ အမြင်များကလည်း ပြောင်းလဲသွားကြပြီ။ Multiplicity သဘောနှင့် ထိတွေ့ကြပြီ။

အစောကတည်းက လစ်ဘရယ်ဝါဒကို ကျင့်သုံးသော နိုင်ငံများတွင်ကား ထို Multiplicity သဘောကို အသားကျနေကြပြီး ဖြစ်၏။ ဓလေ့ထုံးစံများရှိပြီး ဖြစ်၏။ ထို့ကြောင့် ဗဟုသဘောကို နောက်ကျမှ ကျင့်သုံးရသော လူငယ်အသစ်များသည် တခြားနိုင်ငံများမှ) အထူးသဖြင့် ယခင်ကတည်းက လစ်ဘရယ်ဝါဒ ကျင့်သုံးသော နိုင်ငံများထံမှ ဓလေ့ထုံးစံများ၊ အတွေးအခေါ်များကို ပုံတူကူးချသည်။ သွင်းကုန်အဖြစ် တင်သွင်းလာသည်ဟု စွပ်စွဲခံရခြင်းဖြစ်၏။ ထိုသို့ စွပ်စွဲလျှင် မှန်ပါမည်လား။

(ကျွန်တော် တစ်ယောက်တည်း၏ အထင်ဖြင့် ပြောရလျှင် **တစ်ဝက်မှန်ပြီး တစ်ဝက်မှားသည်ဟု** ဖြေချင်ပါသည်။

၃း၁၄။ ပထမအချက် အတွေးအခေါ်ပြောင်းလဲမှုသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေ အရပ်ရပ်နှင့် လိုက်လျောညီထွေစွာ

mgyoe.com

mgyoe.com

ပြောင်းလဲလာရခြင်းဖြစ်သည်။ တစ်စုံတစ်ယောက်က ဦးဆောင် လှုံ့ဆော်ပေးခြင်း မဟုတ်၊ အတွေးအခေါ် သွင်းကုန်အဖြစ် တမင်မှာယူ တင်သွင်းလာခြင်းမဟုတ်၊ အတင်းအဓမ္မ ခြိမ်းခြောက်ပြောင်းလဲပေးခြင်း မဟုတ်။ **သူ့သဘောသူ ဆောင်လာခြင်းဖြစ်သည်။**

ပံ့ပိုးမှုသဘောဆောင်သော ကိစ္စများ ရှိကောင်းရှိမည်။ ဥပမာ ဆရာ မောင်သာနိုး၏ ထင်းရှူးပင်ရိပ်၊ ဆရာ ဇော်ဇော်အောင်၊ ဆရာ သစ္စာနီတို့၏ ဆောင်းပါးများ။ သို့သော် ထိုအရာများသည် အကူများ၊ တွန်းအားများသာ ဖြစ်ကြ၏။ အကြောင်းရင်းခံများ မဟုတ်။

ဥပမာဆိုရလျှင် ဆိုးသွမ်းမိုက်ရိုင်းနေသော လူငယ်တစ်ဦး၏ အနီးတွင် အဘိဓမ္မတ္ထ သရုပ်ပဒီပနီဖြစ်စေ၊ ပဋိစ္စသမုပ္ပါဒ်ဖြစ်စေ ကောင်းပေ့ ညွှန့်ပေ့ ဆိုသည့် မည်သည့် ဘာသာရေး စာအုပ်ကိုမဆို ချပေးထားကြည့်ပါ။ ယောင်၍မျှ ကောက်ကိုင်ကြည့်မည်မဟုတ်။ စာအုပ်ထဲတွင် ပါသော ကားလုံးများအနီးတွင် ရှိနေရုံဖြင့်တော့ လူငယ်တစ်ယောက် ပြောင်းလဲမလား၊ ဒိမ္မာမလား။

ထိုစာအုပ်များကို ဖတ်ပြီဆိုပါစို့။ ဘာကြောင့် ဖတ်သလဲ သူ့ရင်ထဲတွင် အလိမ္မာဘက်သို့ ကူးပြောင်းချင်လာသော စိတ်အခံရှိ၍ ဖတ်ခြင်းပင်။ ဘာသာရေးဘက်သို့ ညွတ်သောစိတ်နေစိတ်ထားပေါ်လာသောကြောင့် ဖတ်ခြင်းပင်။ သူ့ရင်ထဲတွင်သာ ဦးစွာ ပေါ်ပေါက်သည့်ကိစ္စ။

ထိုစာအုပ်များကို ဖတ်ပြီးနောက်ပိုင်း ထိုလူငယ်သည် ဘာသာရေး ကိုင်းရှိုင်းလိုက်စားသွားသည် ဆိုပါစို့။ စာအုပ်များ၏ အစွမ်းကြောင့် ထိုသို့ ဖြစ်သွားသည်ဟု တထစ်ချ ပြောနိုင်ရိုးလား။ သူ့ရင်ထဲရှိ နဂို အခံစိတ်ကြောင့်သာ ထိုစာအုပ်များကို ဖတ်ဖြစ်ခြင်းဖြစ်ရာ နှလုံးသွင်းမှု အခံစိတ်က အခြေခံ အကြောင်းရင်း၊ စာအုပ်က အထောက်အကူဟု ပြောမှ မှန်ပေလိမ့်မည်။

**လူငယ်အများစု မော်ဒန်စာပေ အနုပညာပစ္စည်းများ ရေးဖွဲ့ ဖန်တီးကြရာတွင်လည်း ထိုလူတို့၏ စိတ်နှလုံးခံစားမှုကသာ အဓိက ကျသော အကြောင်းရင်းဖြစ်ပြီး တခြားစာအုပ်စာတမ်းများနှင့် ပတ်ဝန်းကျင်တို့သည် အထောက်အပံ့ပေးသောအရာမျှသာ ဖြစ်ကြသည်။**

mgyoe.com

၃း၁၅။ ဒုတိယအချက် ထိုသို့ ပြောင်းလဲလာတော့မည့် အခြေအနေ၊ ပြောင်းလဲလာနေသည့် အခြေအနေမျိုးတွင် ရှေ့က အခြေကျပြီး သူတို့၏ဝလေ့ထုံးစံများ၊ အတွေးအခေါ်များ၊ စည်းစနစ်များကို လေ့လာသူတို့က လေ့လာကြသည်။ ကြိုတင် လေ့လာထားနှင့်ပြီး ဖြစ်နေကြသည်။ လေ့လာနေကြသည်။

ဤကိစ္စသည် အခြေအနေ တောင်းဆိုမှုနှင့်ဆိုင်သလို ပညာတတ် Intellectual တို့၏ စူးစမ်းလိုသောသဘောနှင့်လည်း ဆိုင်၏။ ထိုသို့ လေ့လာစူးစမ်းရာမှ ရရှိထားသော အချက်အလက်များသည် အခြေအနေ၏ ပြောင်းလဲမှုနှင့် ကိုက်ညီသွားသောအခါ အသုံးတည့်သလို ဖြစ်သွားရတော့သည်။

ဆိုလိုသည်က "စု၊ တု၊ ပြု" ဟူသည့် အဆင့်သုံးဆင့်ရှိရာတွင် အမှန်တကယ် ရင်ထဲကဖြစ်လာသော "ပြု" ထားသည့် အနုပညာအစစ်များ ပေါ်ထွက်လာသလို ယာယီအားဖြင့် မရင့်ကျက်သေးသော၊ အသားမကျသေးသော၊ ရှုပ်ထွေးရောပြွမ်းနေသည့် အခိုက်အတန့်ကာလတွင် "စု" ထားသော အချက်အလက်တို့ကို "တု" ထားသယောင်ဖြစ်နေသော အနုပညာပစ္စည်းများ ထွက်ပေါ်လာသည်။ (တချို့က) အမှန်တကယ်လည်း တုကြသည်။

ကိစ္စမရှိပေ။ အပြောင်းအလဲ အချိုးအကွေ့တိုင်းတွင် အတုများ ပေါ်ထွန်းလာတတ်သည်မှာ ဓမ္မတာပင်။ သို့သော် ထိုတစ်ချက်တည်းကြောင့်ကား နိုင်ငံခြားမှ ပုံတူကူးချသည်ဟု မျက်စိမှိတ်စွပ်စွဲရန် မသင့်ပေ။

၃း၁၆။ မြန်မာမော်ဒန်အနုပညာပစ္စည်းများသည် မြန်မာပြည်တွင် နေထိုင်နေကြသော၊ မြန်မာပြည်၏လေထုကို ရှူရှိုက်နေရသော၊ မြင်တွေ့နေရသော၊ ခံစားနေရသော မြန်မာလူငယ်တို့၏ အနုပညာပစ္စည်းများ ဖြစ်ကြ၏။ သူတို့ခံစားမှုသည် မြန်မာ့ခံစားမှု ဖြစ်၏။ ထို့ကြောင့် ထိုခံစားမှုတို့ဖြင့် သွန်းလုပ်ထားသော အနုပညာပစ္စည်းများသည်လည်း မြန်မာ့အနုပညာပစ္စည်းစစ်စစ်များ ဖြစ်ကြ၏။ မည်သည့် နိုင်ငံခြားအရိပ်မှ မထိုး။

mgyoe.com